# သခင့်စကား The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်

မင်္ဂလာဆောင် လုလင်၏ အနားမှာနေ၍ သူ၏ စကားကို ကြားရသော အဆွေခင်ပွန်းသည် ထို စကားသံ ကို ကြားသောအားဖြင့် ဝမ်းမြောက်ခြင်း ရှိ၏။ ယောဟန် ၃:၂၉

အမှတ်စဉ် (၁၅၂) ဧပြီလ ၂၀၁၄ ခုနှစ် ●မှတ်ချက် (လစဉ် ပထမ တနင်္ဂနွေနေ့ တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001



## ထာဝရနေရာ

ထာဝရနေရာ သိုးသူငယ် (ဒါးက)

ဖားကလေးဟာ သူနေတဲ့ အိုင်ငယ်လေးကို အကျယ်ဆုံးလို့ ထင်နေခဲ့တယ်။
သူမှ သမုဒ္ဒရာ ရေပြင်ကျယ်ထဲ မရောက်ဘူးတာ သူ့ အထင်မှန်ပါလိမ့်မယ်။
သင်လည်း သင်နေတဲ့ ကမ္ဘာမှာ ရေ၊ မီး၊ အပြည့်အစုံနဲ့ နေရလို့
သင့်ရဲ့ကမ္ဘာက ပြီးပြည့်စုံတယ်လို့ မထင်လိုက်ပါနဲ့နော်။
ကမ္ဘာမြေကြီးဟာ ဖန်ဆင်းထားတဲ့ အရာဆိုတာ မမေ့ပါနဲ့။
ဒီကမ္ဘာကို ဖန်ဆင်းတဲ့ ဖန်ဆင်းရှင် စိုးစံတဲ့ နိုင်ငံတော်က ပိုပြီး ပြည့်စုံပါတယ်။
အဲဒီ နိုင်ငံတော်ဟာ သားတော်ကို ယုံကြည်သူတိုင်း တစ်နေ့သွားရမဲ့ ထာဝရ နေရာပါ။
မယုံကြည်သူအတွက် ကတော့ မြင်ခွင့်တောင် မရှိတဲ့ နေရာပေါ့။ ။



---------------------



## ဝေငှချက်

ဝေငှချက် သဲမြတ်မွန်

ကျွန်မ အနည်းငယ် ဝေငှချင်ပါတယ်။ စစ်မှန်သောကောင်းကြီး ပေးတဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အခု ကျွန်မ စာ ရေးသား ခွင့်ရ တာလည်း ဘုရားရှင် အခွင့် ပေးသောကြောင့်ပါ။ ဘုရားရှင် တစ်ပါးပဲ ကောင်းမြတ် ပါတယ်။ ကျွန်မဟာ အရင် တုံးကဆိုရင် ဘဝ က အရမ်းကို ခက်ခဲ ခဲ့တာကြောင့် ကောင်းကြီးကို မျှော်လင့်လို့ နေခဲ့ရ ဖူးပါတယ်။ တရားဟောဆရာတွေက တရားဟောရင်း *ဘုရားရှင် ကောင်းကြီး ပေးပါစေ* လို့ပြောဆိုခဲ့ရင် ပလ္လင်အောက်က ကျမဟာ ပရိတ်သတ် တွေနဲ့ အတူတူ အေမန် အေမန် နဲ့ပေါ့။ စာဖတ် သူများအနေနဲ့ အခု ကျွန်မ ရေးထားတဲ့ စာကို ကျွန်မ ရေးထားတာလို့ ခံယူပြီး မဖတ်ပါနဲ့။ ဘုရားရှင်ဟာ ကိုယ့်ကို ဘာ စကားပြော နေတာလဲလို့ ခံယူပြီး ဖတ်ကြည့်ပါ။ လူတွေက ဘုရားရှင် ဆီကနေ ကောင်းကြီးတော့ လိုချင်ကြတယ်။ ကောင်းကြီးပေး တော်မူသော ဘုရားကိုတော့ အပိုင် မခံစေချင်ဘူး။ ယေရှုခရစ်တော်ဟာ ကယ်တင်ရှင် ယေရှု။ အသေခံပေးတဲ့ ခရစ်တော်။ ကျမတို့ အတွင်းနှလုံးသား ထဲကနေ ပြန်လည် အသက်ရှင် ပေးတယ်။ ယနေ့ အမည်ခံ ခရစ်ယာန် တွေက ယေရှု အသေခံ တာပဲ ယုံကြည်လက်ခံကြတယ်။ အသက်တာမှာတော့ ခရစ်တော် အသက်ရှင် ပေးခြင်းကို ဝန် မခံကြတော့ဘူး။ ဇာတိနဲ့ သွားသော အသက်တာပဲ ဖြစ်တော့တယ်။ မောင်နှမတို့ ယေရှု ခရစ်တော်ဟာ နှုတ်ကပတ်တော်ဖြစ်သလို အသက် လည်း ဖြစ်တယ်။ John 1:1-5 ဖန်ဆင်းရှင်လည်း ဖြစ်တယ်။ ယနေ့ သင်လိုနေတာက ကောင်းကြီး မဟုတ်ဘူး။ ကောင်းကြီး ကို ဖြစ်စေတဲ့ အရှင်ခရစ်တော် ဖြစ်တယ်။ အာမင်။ ယနေ့ ခရစ်တော် အသက် ရှင်ပေးမှုကို ကျွန်တော်/ကျွန်မ ယခုမှ စ၍ ဝန်ခံပါတယ် အဖ။ လွန်ခဲ့တဲ့ အချိန်တွေမှာ ကျွန်တော်/ကျွန်မ မသိပဲ ဇာတိနဲ့ ကိုယ့်စိတ်အတိုင်း အသက်ရှင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို ပြစ်မှားခဲ့မိတဲ့ အတွက် ဝန်ချပါတယ် အဖဘုရား။

ယခုမှ စ အဖ အုပ်စိုးခြင်းကို ဝန်ခံတတ်ရန် သွန်သင်တော်မူပါ အဖဘုရား။ ဇာတိစိတ်ကို ဘုရားရှင် တစ်ပါးတည်းကပဲ ချိုးဖဲ့ပေး နိုင်ပါတယ်အဖ။ ဆာငတ် တဲ့ နှလုံးသား နဲ့ ဆုတောင်း ဆက်ကပ်ဖို့ လိုပါတယ်။ သင် လိုအပ်နေတာ အားလုံး ခရစ်တော်ထံမှာ ရှိတယ်။ ခရစ်တော်ဟာ စစ်မှန်သော ကောင်းကြီးပါ။ ယခု ဘဝနှင့် နောင် ဘဝ ထာဝရ ကာလ တိုင်အောင် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း အပေါင်းကို ပေးနိုင်သော သခင် တစ်ပါးတည်းသာ ရှိကြောင်း သိမြင်စေရန် သန့်ရှင်းသောဝိညာဉ်တော် ဖွင့်ပြပါစေ။



## ဟက်ပီးဘတ်ဒေး ချစ်သော မေမေနှင့် အမိမြေ

Happy Birthday ချစ်သော မေမေနှင့် အမိမြေ *မယ်မင်းရုံ (မြောက်ဒဂုံ)*

ချစ်သော မေမေ။ ဘဝ ပင်လယ်ပြင်တွင် ချစ်ဖေဖေက ငြိုငွေ့လို့ ထင်ပါရဲ့၊ လမ်းတစ်ဝက်မှာ ဆင်းကျန်ရစ်နေခဲ့ပေမဲ့ မေမေကတော့ လှေငယ်အိုလေးပေါ်မှာ သား သမီး ခြောက်ယောက်ကို တင်လို့ ဖွဲ မလျှော့စတမ်း လှော်ခတ်လာလိုက်တာ ရှစ်နှစ်တောင် ကျော်ခဲ့ပါပြီ။ အခုဆို သားသမီးတွေ အတောင်စုံ အရွယ်ရောက် နီးပါးမို့ မေမေ နည်းနည်း နားရပြီ ထင်ပါတယ်။ နောက်မကြာခင် မေမေရဲ့ လှေငယ်ကို နေကာ၊ မိုးကာ သင်္ဘောကြီး ပြန်ပြင်ဆောက်ပြီး သက်တောင့်သက်သာ နေရမှာမို့ အား မလျှော့လိုက်ပါနဲ့နော်။ ဒီနှစ် ၄၅ နှစ်မြောက် မွေးနေ့မှာ ချစ်သမီး အနားမှာ မရှိပေမဲ့ သမီးရဲ့ ချွေးနဲ့ရင်း၊ နှလုံးသားနှင့် ခံစားစွာဖြင့် မေမေရဲ့ နားပေါက်လေးကို မွေးနေ့ လက်ဆောင် အဖြစ် အပေါက်ဖာထေး ပေး လိုက်ပါတယ်။ မွေးနေ့မှ စ သက်ဆုံးတိုင် ချစ်သော မေမေ ဘဝ အမောတွေ ပြေပါစေ။ ချစ်သော အမိမြေ ဒီနှစ်လည်း ရွှေဝါရောင် ပိတောက်ပန်း တွေကို သားသမီးတွေအတွက် လက်ဆောင် ပေးဦးမှာ မဟုတ်လား။ ခြေထောက် တစ်ဖက်ထဲ ထောက်လျက်နဲ့တောင် ခါးကိုထောက် ခေါင်းကိုမော့ ရင်ကိုကော့ပြီး သား သမီးတွေ ချီကာပိုးလို့ ထာဝရ ရပ်တည်ဦးမှာ မဟုတ်လား။ တူးပို့ ... တူးပို့ ... မှ၊ မူးစို့ ... မူးစို့ ဖြစ်၊ Rock က၊ Whisky နဲ့ပျော်ပြီး Happy Birthday ဟစ်ကာ အော်လည်း ခွင့်လွှတ် နားလည်ဦးမှာ မဟုတ်လား။ တချို့ သားသမီးတွေ အဝေး ရောက်လို့ အမိ မြေရဲ့ Birthday မေ့ကာနေလည်း နားလည်ပေးမှာ မဟုတ်လား။ သမီး ကတော့ အမိ မြေအတွက် မုန့်လုံးရေပေါ် ကိတ် မလုပ်ပေးနိုင်ပေမဲ့ S' pore ရဲ့တစ်ထောင့် တစ်နေ ရာက ချစ်သော အမိမြေ နောင် နှစ်ပေါင်း သိန်း၊ သန်းမက ထာဂရ အေးမြ ပျော်ရွှင်ပါ စေ လို့ဆုတောင်းလျက်...။ ။မယ်မင်းရုံ (မြောက်ဒဂုံ)



## သက်သေခံချက်

-------------------

သက်သေခံချက် *ဝါးခယ်မမြို့နယ်ကျုံပေါက်ရွာမှ* - ကြည်ကြည်ချို

အရင်ဆုံး ဘုရားသခင် ကမ္ဘာအဆက်ဆက် တည်၍ ဘုန်းကြီးပါစေ။ သမီး စက်ဘီး ကို ရောက်ဖို့ဆိုတာ အိမ်မက်ထဲတောင် မမက်ဖူးပါဘူး။ သမီးဟာ ၂၀၁၂ စက်တင်ဘာ ၆ ရက်နေ့မှာ စင်္ကာပူကို ကောင်းမွန်စွာ ရောက်ရှိခဲ့ ပါတယ်။ တကယ် တော့ စင်္ကာပူ လာဖို့ ဆိုတာ ကျွန်မ အရည်အချင်းနဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ စင်္ကာပူကို ရောက်တယ် ဆိုတာလည်း ရွာက အဒေါ်တစ်ယောက် စပ်ပေးတာပါ။ ကျွန်မ အခု သက်သေခံချင်တာက ဟိုးလွန်ခဲ့တဲ့ ရှစ်လတုန်းက ကျွန်မ ပထမ အိမ်ရှင် နဲ့ စလုပ်ခဲ့တယ် လေးလဘဲ လုပ်နိုင်ခဲ့တယ်။ ပထမ အိမ်ရှင်နဲ့ ကျွန်မ အိမ်ရှင် ကျွန်မကို လာခေါ်တဲ့နေ့က သူဌေးမနဲ့ သူ့ယောက်ျား သူတို့ ကျွန်မကို ခေါ်တာ ဘာမှ ထွေထွေ ထူးထူး မေးတာ မရှိဘူး။ မျက်နှာတွေက အရမ်းစိမ်းတယ်။ ကျွန်မလည်း တောအုပ် ထဲက ထွက်တဲ့ တောရိုင်းမ လို တကုတ်ကုတ်နဲ့ လိုက်သွားတယ်။ သူတို့ အိမ်ကို ရောက်သွားတော့ သူ့ခလေးတွေနဲ့ မိတ်ဆက်ပေးတယ်။ ဆရာကတော့ အိမ်မှာ မရှိပါ ဘူး။ သူတို့ မိသားစု ခြောက်ယောက်၊ ဆရာ့ညီမ မိသားစုက လေးယောက် သူတို့က အိမ်ခွဲပေးခဲ့ ပြီးတော့ အိုး မခွဲဘူး။ အားလုံးကို ကျွန်မ လုပ်ပေးရပါတယ်။ အဲ့ဒီအိမ်မှာ စလုပ်တဲ့ နေ့ လေးလအထိ တစ်ရက်မှ အဝိုနဲ့ မကင်းခဲ့ပါဘူး။ အရင်က ငါးနာရီ လေးဆယ်ငါး ထ ရတယ်၊ နောက်တော့ ခြောက်နာရီ ထ ရတယ်။ မနက် ခြောက်နာရီ ကနေ ညဆယ်နာရီ အထိ ဖင်တစ်စက်မှ မချရဘူး။ ထမင်း စားတာတောင် အသဲ အသန် စားခိုင်းတယ်။ သမီးရဲ့ အဖြစ်ကို ပြောရမှာလည်း တကယ်ရှက်မိပါတယ်။ ဒါပေမဲ့ သမီး မိသားစု အတွက် အရာရာကို စွန့်စားရဲတယ်။ အဘွားက အစာစားရင် အရမ်း တွန့်တိုတယ်။ သူများတော့ မသိဘူး၊ ခေါက်ဆွဲပြုတ် နေ့တိုင်း စားရတယ်။ ကျွန်မ ဘုရားကို ဆုတောင်းလိုက်ပါတယ်။ ကိုယ်တော် တပည့်တော် လူပင်ပန်း စိတ် ပင်ပန်းပေမဲ့ ကျန်းမာရေး မချို့တဲ့အောင် ကူညီပေးပါဆိုပြီး ဆုတောင်း ခဲ့တယ်။ ကျွန်မ တကယ်ဘဲ ဆုတောင်း ပြည့်ပါတယ်။ ကျွန်မ အဲ့ဒီအိမ်မှာ သုံးလေးလ ကြာတော့ အဘွား အရမ်း စိတ်ကြီး စိတ်မြန်တယ်။ အပ်ချုပ်တိုက အစ လိုက်ပြောတယ်။ တစ်နေ့ ကျွန်မ ပန်ကာ ဆေးမယ် လုပ်တုန်း ပန်ကာတွေကို လိုက်ဖြုတ်ပါတယ်။ ကျွန်မ အခန်းက ပန်ကာကို ဖြုတ်လို့မရဘူး။ အဲ့ဒါနဲ့ အဘွားကို သွားပြောပါတယ်။ မြေးတွေလည်း အိမ်မှာ ရှိတယ်။ ကျွန်မ ကြိုးစားပြီး ဖြုတ်တယ် မရဘူး။ ကျွန်မ လက်တွေမှာလည်း ပေါက်ကွဲ တော့မလို နီရဲနေပါတယ်။ ကျွန်မကို ရစရာ မရှိအောင်ကို ပြော လိုက်ပါတယ်။ ငါအခု အပြင်သွားမယ်။ ငါ ပြန်လာလို့ ဖြုတ်လို့ မရရင်၊ နင်နဲ့ ငါနဲ့ တွေ့မယ်တဲ့။ ကျွန်မ ကြိုးစားပြီး ဖြုတ်ပါတယ်။ ဘယ်လိုမှ မရဘူး။ ကျွန်မ ကြောက်ကြောက်နဲ့ ငိုပြီး ဘုရားကို ဆုတောင်း လိုက်ပါတယ်။ ဒီတစ်ခါ ကျွန်မ ဖြုတ်ရင် လွယ်လွယ် ကူကူနဲ့ ဖြုတ်လို့ရပါစေ။ ကိုယ်တော် ဘုရား။ ဆိုပြီးဆုတောင်း လိုက်တယ်။ ပန်ကာက ကျွန်မ ကိုင်လိုက်တာနဲ့ ပြုတ်နေပြီး။ ကျွန်မ ပျော်လွန်းလို့ ကျေးဇူး တင်ပါတယ် ကိုယ်တော်။ ဆိုပြီး အကျယ်ကြီး အော်လိုက်ပါတယ်။ နောက်တစ်ခါ အင်္ကျီနဲ့ ဘောင်းဘီ ပျောက်လို့ဆိုပြီး ကျွန်မကို လာရမ်းပါတယ်။ ငါ့အင်္ကျီကို ဘယ်မှာ ထားလဲ။ လာရှာပေး။ ဆိုပြီး မျက်လုံးနီနီနဲ့ကျွန်မကို ရှာခိုင်းပါတယ်။ အဲ့ဒါနဲ့ ကျွန်မ တစ်ခန်းလုံး ကြိုးစားရှာတယ်။ ဘယ်လိုမှ ရှာမတွေ့ဘူး။ ပျောက်တဲ့ ဘောင်းဘီ ကလည်း ရှားရှားပါးပါး အားကစားလုပ်တဲ့ ဘောင်းဘီ။ ကျွန်မကို အသည်းအသန် ရှာ

ခိုင်းတယ်။ ကျွန်မ ရှာတာ ခေါင်းတွေလည်း ကိုက်လာတယ်။ ရင်လည်း ပူတယ်။ အဲ့ဒါ နဲ့ ဆုတောင်းလိုက်ပါတယ်။ ကိုယ်တော်ဘုရား ကျေးဇူးပြုပြီး သူ့ရဲ့ ဘောင်းဘီ နှင့် အင်္ကျီကို ရှာတွေ့ပေးပါ ကိုယ်တော်ဘုရား။ Please။ ဆိုပြီး တစ်ခါ တောင်းဆို လိုက်ပါတယ်။ အဲ့ဒါနဲ့ အစကနေ ကျွန်မ ယုံကြည်စွာနဲ့ ပြန်ရှာတာ ကျွန်မ ထပ်ခါထပ်ခါ ရှာထားတဲ့ နေရာမှာ ပြန်တွေ့ပါတယ်။ ဘောင်းဘီကတော့ အန်ဆွဲရဲ့ နောက်မှာ ညပ် နေတာပါ။ ကျွန်မ သိလိုက်ရတာကတော့ တောင်းလျှင်ရမည်။ ရှာလျှင် တွေ့မည်။ ခေါက်လျှင် ဖွင့်မည်။ ဆိုတဲ့ ကျမ်းပိုဒ် လေးပါဘဲ။ ကျွန်မ အဲ့ဒီအိမ်မှာ လေးလ လုံးလုံး အိပ်မဝ စားမဝ လူပင်ပန်း စိတ်ပင်ပန်း ခဲ့ရပါတယ်။ ကျွန်မ အခု သိလိုက်ရတာကတော့ ကျွန်မ ဆရာမက ပြောတယ်၊ မလေးရှားက မိတ်ဆွေ တစ်ယောက် အိမ်က အိမ်ဖော် လေးဟာ အိမ်ရှင်တွေ အစားအစာ မကျွေးလို့ အသက်ပါ ဆုံးခဲ့ရတယ်တဲ့။ ကျွန်မ ပြောလိုက်ရတော့ သူ့အစား ရင်နာပြီး ကိုယ် ချင်းစာ မိပါတယ်။ အဲ့ဒီ အစ်မလို ဘယ်သူမှ မဖြစ်ပါစေနဲ့လို့။ ဘုရားသခင် ဆီကို နေ့တိုင်း ဆုတောင်း ပေးပါတယ်။ ကျွန်မကို ဘုရားသခင် အမြဲတမ်း ကူညီပေးလို့ စင်္ကာပူမှာ ကောင်းမွန် စွာနဲ့ ဆက်လက်ပြီး အလုပ် လုပ်နိုင်ခဲ့တာပါ။ အခြား သူငယ်ချင်းတွေကို အားပေး ချင်တာကတော့ ဘုရားသခင်နဲ့ အမြဲတမ်း စကားပြောပါ။ ဘုရားသခင်ကို အမြဲတမ်း ချီးမွမ်းပါ။ ဘာ အခက်ခဲဘဲ တွေ့တွေ့ ဘုရားသခင် ကူညီစောင့်မလိမ့်မယ်။ "နောက်ကျသော သူသည် အရင် ကျလိမ့်မည်။ အရင် ကျသော သူသည်လည်း နောက်ကျလိမ့်မည်ဟု သမ္မာကျမ်း မှာရေးထားသည်။ အခုလို သက်သေခံခွင့်ရတဲ့အတွက် အရမ်း ကျေးဇူးတင်ပါတယ်။ သက်သေခံစာ စာစောင်ကို ထုတ်ပေးတဲ့ ဆရာ မင်းအောင်သက်လွင် ကိုလည်း အရမ်း ကျေးဇူး တင်ပါတယ်။ ဒီစာစောင်ကို ပို့ပေးတဲ့ အစ်မ ကိုလည်း အထူးဘဲ ကျေးဇူးတင် ပါတယ်။ ဘုရားသခင်ဟာ ကိုယ်နှင့်အမြဲတမ်း ရှိနေတယ်ဆိုတာ ယုံကြည်ရင်းနဲ့ ဒီလောက် နဲ့ဘဲ အဆုံးသတ်လိုက်ပါတယ်။

။ Kyi Kyi Cho



# ဂုဏ်ဥစ္စာဓနနှင့်အမေအို



## ဂုဏ်ဥစ္စာဓန နှင့် အမေအို

F.penny(mizo) တမူး

တစ်နေရာသော စင်္ကာပူနိုင်ငံမှာ အမေအို ဆိုတဲ့ အဖွားအို (၇၃)နှစ် နေထိုင်လျက် ရှိပါတယ်။ အမေအိုမှာ သားသမီး(၃)ယောက် ထွန်းကားခဲ့ပါတယ်။ ဒီသားနှင့် သမီး အရွယ်ရောက် အတောင်စုံလာကြတော့ အမေအိုမှာ မိဘ ဝတ်တရား အတိုင်း ကျေပွန်စွာ ထိမ်းမြားမင်္ဂလာပြုနှင်း ပေးခဲ့ပါတယ်။ ကြင်ရာစုံလာကြတော့ အမေအို ထံတော်ပါးမှ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြလေရဲ့။ အမေအိုမှာ သားငယ်တို့ မိသားစုနှင့် အတူ တကွ နေထိုင်ရင်း မြေးတွေ ရရှိလာတော့ ကြည်နူး ပျော်ရွှင်စွာနှင့် နေ့စဉ် အသက်တာကို ဖြတ်သန်းလာခဲ့တာပေ့ါ။ နှစ်တွေ ကြာလာသည် နှင့် အမျှ အမေအိုမှာလည်း အသက် အရွယ် အိုမင်းလာခဲ့တယ်။ ခန္ဓာ ကျန်းမာရေး လည်း တစ်ရက်ပြီးတစ်ရက် ချို့တဲ့လာခဲ့တယ်။ ထိုအတူ သားနှင့် ချွေးမတို့မှာလည်း နှစ်တွေ ကြာလာသည့်အလျောက် စီးပွါးရေး ထွန်းကားလာပြီး ကားတစ်စီးမှ နှစ်စီး ဝယ်ယူ စုဆောင်းနိုင်ခဲ့ကြတယ်။ အိမ်ယာမှာလည်း ခေတ်မှီ လုံးခြင်းတိုက် ငါးထပ် အတွင်းမှာ ဓာတ်လှေကားနှင့် ခေတ်မှီ လှပလွန်းပါလေရဲ့။ ဒီသားငယ်တို့ ဇနီး မောင်နှံရဲ့ မောင်တထမ်း မယ်တရွက် ကြိုးပမ်းမှုတွေကို အမေအိုမှာ ချီးမွမ်း မဆုံးနိုင်ပါ တော့တယ်။ ဝမ်းသာလွန်းတော့ အမေအိုရဲ့ မျက်ဝန်းတွေမှာ မျက်ရည် ကြည်လေး တွေ ပြည့်လျှံလျက်ပေ့ါ။ သို့ပေမဲ့ အမေအိုရဲ့ ဝမ်းသာမှုတွေဟာ ရက်ပေါင်း များစွာ မကြာမြင့် နိုင်ခဲ့ဘူး။ တောင်ဝှေးကိုင်ရင်း ထော့နဲ့ ထော့နဲ့ လျှောက်လမ်းရတဲ့ အမေအိုမှာ ခေတ်မှီ လွန်းလှတဲ့ အိမ်အမြင့် ငါးထပ်မှာ နေထိုင်ရတာ အဆင်မပြေ ဖြစ်ခဲ့ရတယ်။ လှေကားထစ်တွေကို ကျော်လွှားဖို့ရန် မသန်စွမ်းတော့ဘူးလေ။ ဓါတ်လှေကား ရှိပေမဲ့ အချို့နေရာတွေမှာ လှေကားထစ်ကို အသုံးပြုရတော့ အမေအို အတွက် အခက် အခဲ ဖြစ်ရတာပေ့ါ။ အမေအိုဟာ ဂန်ထုပ်ဝန်ပိုး အရှုပ်ထုပ် ကလေး ဖြစ်ခဲ့ပါရောလား။ သူကိုယ်တိုင် မသိခဲ့ရှာဘူး။ တစ်နေ့တော့ သားငယ်မှာ အစ်ကိုဖြစ်သူထံ သွားပြီး အမေ့ကို တလှည့် ပြုစုစောင့်လျှောက်ပါရန်၊ သူတို့ အိမ်နှင့် အမေ နေရေး ထိုင်ရေး အဆင် မပြေတော့လို့ ပြောဆိုခဲ့တယ်။ သားကြီး ဖြစ်သူမှာ ဆုတ်လည်းဆူး၊ စားလည်းရှူး ဘေးကျပ်၊ နံကျပ်နှင့် အစ်ကိုကြီး အဖ အရာ ဆိုသည့် အတိုင်း မိခင်ကို လက်ခံခဲ့ရတယ်။ အမေအိုမှာ သားကြီးတို့ မိသားစုနှင့် အတူတကွ နေထိုင်လေ့ မရှိတာကြောင့် ချွေးမ မြေးတွေနှင့် နေသား မကျ ဖြစ်ရရှာတယ်။ ထို့အတူ ချွေးမနှင့် မြေးတွေမှာလည်း သူတို့ကို ဒုက္ခ ဂန်ထုပ် ပေးတယ်ဆိုပြီး မရွှင်မပျ နဲ့ပေ့ါ။ ဩော် ... အမေအိုရဲ့ ဒုက္ခ ကလည်း မသေးပါလားနော်။ ဂုဏ်ဥစ္စာဓန ပေါကြွယ်ဝတော့ အမေအို မဂင်ဆံ့ နိုင် တော့ဘူး။ ဟိုး ကုန်လွန်ခဲ့တဲ့ နှစ်တွေကို အမေအို ပြန်တွေးမြင် စဉ်းစားရင်း ခန္ဓာ ကိုယ် ကျန်းမာရေးလည်း ချို့တဲ့ရင်း ချို့တဲ့လာတဲ့ အမေအို။ ဂုဏ်ဥစ္စာဓန တွေကြောင့် အမေအိုရဲ့ ပျော်ရွှင်ကြည်နူးမှုတွေ ပျောက်ကွယ် ဆုံးရှုံး သွားခဲ့ရပါ လေရော့။ "အိုမင်း မသန် စွမ်းတော့ ဘယ်အရာမှာမှ အသုံး မဝင် နိုင်တော့ပါလား?" ဆိုသည့် အမေအိုရဲ့ နေ့စဉ် လက်သုံးစကား။ အမေအိုမှာ ကုန်လွန်ခဲ့တဲ့ နှစ်တွေ ကို တသသနှင့် တမ်းတမြည်တွန်း မဆုံးနိုင်စွာ ညနေ ဆည်းဆာရဲ့ အလှကို ငေးမော ကြည့်လျှက် မျက်ဝန်းမှာ မျက်ရည်ကြည်လေးတွေ ပြည့်လျှံကာ။ ဂုဏ်ဥစ္စာ နေတွေကြောင့်လား? ဝမ်းသာကြည်နူးလား? ဝမ်းနည်း စိတ်အားနည်း လား? အမေအိုရဲ့ မျက်ဝန်းမှာ မျက်ရည် ကြည်များ ... ။

။ ကျေးဇူးတော်မြတ် F.penny (mizo) တမူး

---

## The christian life is Prayers and Thanks Giving (နော်အဲ)

ဖိလိပ္ပိ - ၄း၆ အရာရာ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဋ္ဌနာ ပြုသော အားဖြစ် သင်တို့ တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင် အား ကြားလျှောက်ကြလော့။ ၂၀၁၃ မတ်လနဲ့ ဧပြီလအတွင်း ဖြစ်ပျက်ခဲ့တဲ့ ကျွန်မရဲ့ အ ကြောင်းကို သက်သေခံချင်ပါတယ်။ ၄၊၃၊၂၀၁၃ မှ ၁၈၊၃၊၂၀၁၃။ ၂ပတ် အတွင်း ကျွန်မရဲ့ အိမ်ရှင်အဘိုး oversea ခရီး ထွက်သွားပါတယ်။ ဟောင်ကောင်နဲ့ ထိုင်ဝမ် ကို သွားတာပါ။ ဆရာမကလည်း ကျောင်းဆရာမမို့ ကျောင်းတက်နေရပါ တယ်။ အိမ်ရှင်တွေ တယောက်မှမရှိတော့ အိမ်မှာ ခွေးလေးတကောင်နဲ့ ကျန်ခဲ့တဲ့ ကျွန်မက အလွန့်အလွန်ကို အားလပ်နေပါတယ်။ ဘာအလုပ်မှ မရှိပါဘူး။ အိမ်မှာ လိုင်းဖုန်း ၂လုံးရှိပါတယ်။ ၁လုံးက star hub ဖြစ်ပြီး ၁လုံးက SINGTEL ဖြစ်ပါတယ်။ ကျွန်မှာ သာလိကာ မဟာ ဘွဲ့ရထားတဲ့ အဒေါ်က ဝါ အားဖြင့် သာ အဒေါ် တော်တာ ပါ။ အသက်ကတော့ အမ အရွယ် ကျွန်မနဲ့ မတိမ်းမယိမ်းပါပဲ။ ဒီအဒေါ်နဲ့ ရေးဟောင်း နောက်ဖြစ် မွေးစ ကနေ အခုအရွယ်အထိ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အကြောင်း နဲ့ နိုင်ငံတကာမှာ ရောက်နေတဲ့ ဆွေမျိုးတွေအကြောင်းပါ မကျန် ပေ့ါ။



ပြောကြတာ ဒီ ၂ပတ် အတွင်း ဖုန်းလေးခများ မအားရ ရှာပါဘူး။ အဘိုးက ပြောပြောနေတယ်။ star hub က ဘယ်လောက်ဘဲ သုံးသုံးတဲ့ Bill လုံးဝ မတက်ဘူး။ ဘာ့ကြောင့်လဲ ဆိုတော့ တအိမ်လုံးက star hub သုံးလို့ TV က အစပေ့ါ ဒါကြောင့် အိမ်ဖုန်းကတော့ Free နေတော့ သုံးလိုက်ကြပါလေရော။ ဖုန်း ကလည်း Free၊ လူကလည်း Free ပျော်စရာ ကြီး။ တကယ်တန်းကျတော့ ဒီနည်းစနစ် တွေက ၂၀၁၂နဲ့ အတူ ပါသွားပြီး ၂၀၁၃ က နည်းစနစ်တွေ သစ်လွင်သွားတာ ကျွန်မ လုံးဝမသိ။ ကျွန်မ တို့နှင့် ရင်းနှီးတဲ့ ဆရာမ တစ်ယောက်နဲ့ စကားပြောဖြစ်တော့။ သူ့အကြောင်း ကိုယ့် အကြောင်းတွေ ပြောရင်း လစာအကြောင်းတွေပါ ပြောမိကြ တယ်။ ကျွန်မ နောက်မှ ရောက်လာတဲ့ ကျွန်မရဲ့ အစ်မက ကျွန်မထက် လစာ ၁၅၀ ပို များများရတယ်။ သူ ရတာလဲ မှန်ပါတယ်။ နည်းစနစ် အသစ်အထဲမှာ သက်တမ်း တိုးမိတော့ ဥပဒေနဲ့အညီ သူ့ အိမ်ရှင်တွေက စီစဉ်ပေးတာပါ။ ကျွန်မကတော့ ဥပဒေ အဟောင်းထဲမှာ သက်တမ်း တိုးထားတော့ ဒီဥပဒေအတိုင်း ၂နှစ်ပြည့်တဲ့အထိ သွား ရမှာ ဖြစ်ပါတယ်။ သိရဲ့နဲ့ လိုချင် တတ်မတ်တဲ့စိတ်နဲ့ ဆရာမကို ကျွန်မ က ပြောပြ တော့ ဆရာမက ပြော တယ်။ အစ်မ က လိမ္မာတဲ့လူ Boss အပေါ် သစ္စာရှိတဲ့လူ အလုပ်ကို ကြိုးစား လုပ်ကိုင်သူမို့ ဘုရားရဲ့ ကောင်းကြီးကို တို့တက်ပိုပြီး ခံစားရတာ ပေ့ါ။ တို့က ဖုန်းသုံး တော့ Boss ပေးတဲ့ တာဂန်ထဲကနေ ငါတို့အတွက်ပါ အချိန်ကို ပေးတဲ့ အတွက် ကောင်းကြီး ကတော့ နည်းနည်း ကွာမှာပေ့ါလို့၊ ကျွန်မ ပြောတော့ ကျွန်မ က ဘုရား သခင်ကို စိတ်တိုမိခဲ့တယ်။ ဆရာမ ပြောတာ မှန်တယ်။ ကိုယ့် အကြောင်း ကိုယ်သာ သိ ဆိုတဲ့ သီချင်းလေးလိုပေ့ါ။ ကျွန်မ အကြောင်း ကျွန်မ အသိဆုံး ကျွန်မက သူဌေး တွေထက် ဘုရားကို ဘာလိမ်ထားလဲ သစ္စာဖောက် ထားလဲ ဆိုတာ ကျွန်မပဲသိတယ်။ ဒါကြောင့် ဘုရားသခင် အရင်တုန်းက ကျွန်မ အတွက် အ ကောင်းဆုံး ကောင်းကြီး တွေကို စီစဉ် ထားပေးမှာပါ။ အခု ကျွန်မရဲ့ အပြစ်ကြောင့် ဘယ်လောက်ပဲ ဆုတောင်း ဘုရား စီစဉ်ထားတဲ့ ကောင်းကြီးပဲရမှာပါဆိုတဲ့ လူ့ အတွေးနဲ့ တွေးမိပြီး အဲဒီနေ့ ကတည်းက စပြီး ဘာဆုမှ မတောင်းတော့ဘူးလို့ ဘုရား သခင်ကို ဆန္ဒပြခဲ့တယ်။ ခံစားရတဲ့ ကောင်းကြီးအတွက်ပဲ ဘုရားသခင်ကို ကျေးဇူး တင်တယ်။ ဒါကြောင့် praise the Lord Thanks you Jesus လိုဘဲ အိမ်ခါနီး သုံးခါ၊ နိုးရင် သုံးခါ နဲ့ ဗိုက်ဂနေတဲ့ အခါသော်လည်းကောင်း၊ ပျော်တဲ့ အခါသော် လည်းကောင်း၊ ဘုရားကို အမြဲ ကျေးဇူးတင် သလို အားရင်လည်း ဘုရားသခင်ရဲ့ ကောင်းချီး တွေအတွက် ကျေးဇူး တော်ပဲ ချီးမွမ်းတယ်။ လိုချင်တဲ့ ဆုကို လုံးဝ မတောင်း တော့ပါဘူး။ ဒီလိုနဲ့ ၄.၄.၂၀၁၃ ကြာသပတေးနေ့ နေ့လည် ၂ နာရီ ခွဲကြတော့ အိပ်ဖို့ အခန်းထဲဝင်သွားတဲ့ အဘိုးက မအိပ်ပဲနဲ့ စာကို စာရှည် လေးငါး ရွက်နဲ့အတူ My inside phone have Timer Limit လို့ ပြောပြီးအပြင် SingTel ဖုန်း လိုင်းဆီကို ပြေးလာပြီး ဘာတွေ စစ်မှန်းမသိဘူး တရုတ်လို ပြောပြောနေတယ်။ အဲ့ဒီ နေ့ ကတည်းကစပြီး အဘိုးကြီး အလုပ်ရှုပ်ပြီး ပေ ၃၀ လောက်သာ ရှိတဲ့ အိမ်ထဲမှာ ရှိုးရှိုး လမ်းမလျှောက်ပဲ ပြေးပဲ ပြေးနေပါတော့တယ်။ အိမ်သာ ရေချိုးခန်းထဲလည်း ပြေးဝင် ပြေးထွက် အခန်းထဲလည်း ပြေးဝင် သူ့သမီးနဲ့လည်း တရုတ်လို တိုင်ပင်။



သခင့်စကား ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၅၂ ဧပြီလ ၂၀၁၄ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကွန်ပျူတာ တွေကိုလည်း စစ်ဆေး။ သမီးက စစ်ဆေးလိုက် အဖေက စစ်လိုက်နဲ့ ကျွန်မ တော်တော် ကြောက်သွားပါတယ်။ ဖုန်းBill အဆမတန် တက်ရင်တော့ ခေါ်ထားတဲ့ ဖုန်းနံပါတ်တွေကို စစ်ဆေးရင်တော့ ဆိုပြီး ခေါင်းခဲ နေတာပေါ့။ အသိမိတ်ဆွေတွေ စာတတ် ပေတတ်တဲ့လူတွေ S’pore Citizen ဖြစ်တာ ၁၄ နှစ်လောက်ရှိတဲ့ ဦးလေးကိုလည်း ခေါ်မေး။ ဦးလေးက SingTel ဘဲသုံး လို့ Star Hub အကြောင်းမသိဘူးတဲ့။ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး။ နောက်ဆုံး အကြံကုန်တော့ ကိုယ်နဲ့ ဘဂတူတဲ့ သာလိကာ မဟာ ဘွဲ့ရထားတဲ့ အဒေါ် ကိုဘဲ ခေါ်မေးလိုက်တော့တယ်။ ဒါနဲ့ အဒေါ်က အရင်တုန်းက ဖုန်းတအား သုံးခဲ့ပြီးမှ အခု ကြောက်မနေတော့နဲ့တဲ့။ ငါနင့်ကို star hub လိုင်းသုံးဘူးတဲ့ မြန်မာ လူမျိုး စင်္ကာပူနိုင်ငံသားကို မေး ပေးမယ်လို့ ပြောပြီး ဘာသတင်းမှ ကျွန်မကို မပို့ ပေးဘူး။ စိတ်ပူလိုက်တာ။ ကျွန်မရဲ့ ကိုယ်ပိုင် ဖုန်းကလည်း ပိုက်ဆံ ကုန်ခါနီးပြီးမို့ အဒေါ်ကို ဖုန်းမခေါ်ဘဲ Messageဘဲ ပို့ပေးလိုက်တယ်။ ကျွန်မ ပို့လိုက်တဲ့ Message က တိုလွန်းလို့လား။ ဒါမှမဟုတ် ဆန်းလွန်းလို့လားတော့မသိဘူး။ အဒေါ်လည်း ကြောက်လန့်ပြီး ဘာမှ ပြန်စာ မလာတော့ဘူး။ ကျွန်မက အဒေါ်ကို (Big problem?) လို့ အင်္ဂလိပ် သင်္ကေတ မေးခွန်းထည့်ပေးလိုက်တာ သူသတိ မထားမိလို့လားတော့ မသိ၊ ပြဿနာ ကြီးတယ်ထင်ပြီး ကြောက်နေတယ်။

ည ၂နာရီလောက်ကြတော့ ကျွန်မလည်း အိပ်မရတာနဲ့ ပိုက်ဆံ မရှိတဲ့ ကြားထဲက အဒေါ့်ကို ခေါ်ပြီး အကျိုးအကြောင်း မေးပြန်တယ်။ တကယ်လို့သာ Bill တက်နိုင်တဲ့ အကြောင်းရှိရင် ကျွန်မ အရင်ဆုံး အိမ်ရှင်တွေကို အသိပေးမယ်ပေါ့။ သူတို့ မေးမှ ဖြေရင် အပြစ်ပိုကြီးမယ်ဆိုပြီး အဒေါ်ကို ပြောပြမေးကြည့်တော့ အဒေါ်က ပြောတယ် Free က ၂၀၁၂ အထိဘဲ ရတယ်ပေါ့။ ဒီ ၂၀၁၃ မှာ မရတော့တဲ့ အတွက် သူလည်း single ကိုဘဲ ပြောင်းသုံးလိုက်တယ်တဲ့။ ဒီတော့ ကျွန်မ ဘာမှ မတတ်နိုင်တော့ဘူး။ ဆုဘဲ တောင်းရတော့တယ်။ နေ့ခင်းမှာ အားရင် အားသလို ဆုတောင်း။ ညကျတော့လည်း အမြဲဘဲ ည ၁၀နာရီမှာ အိပ်ပြီး နံနက်၅း၃၀အထိ တရေးမှ မနိုးတဲ့ သူက အခု တညကို ၁ခါ ၂ခါ အမြဲလန့်နိုးတယ်။ နိုးတော့လည်း ဆုတောင်း ရပြန်တယ်။ ခလုတ်ထိမှ အမိတ၊ ဆန္ဒပြု ထားတဲ့ ကြိုးတွေကို မြန်မြန် ဖြည်ပြီး ဘုရားသခင်ကို တောင်းပန်။ စိတ်ပူပူနဲ့ ဆုတောင်းလိုက်ရတာ ဒီပြဿနာ အဘိုးနဲ့ ဆရာမ မေးမှဖြေရင် ကျွန်မ အပြစ်ကြီးမယ်။ ဒီတော့ သူတို့ မမေးခင် ငါ ဖော်ထုတ်မှ ဖြစ်မယ်ဆိုပြီး တွေးမိကာ အခြေအနေနဲ့ အချိန်အခါကို အကဲရင်း ဘယ်လို စတိုင်နဲ့ ပြောရမလဲ စဉ်းစားရပြန်တယ်။ ဒါနဲ့ ဧပြီ (၇)ရက်နေ့ တနင်္ဂနွေနေ့မှာ အဘိုးရော သူ့သမီးပါ ခါတိုင်းလိုပဲ ဘုရားကျောင်းသွားတယ်။ သို့သော် အရင်တုန်းက ဆို နေ့လည်စာကို မိသားစုတွေ တနင်္ဂနွေနေ့တိုင်း နေ့လည်စာရော ညစာပါ ဆရာမ ပြန်မစာဘူး။ အဘိုးကတော့ နေ့လည်စာကို သူ့သားအိမ်မှာ သွားစားပြီး ညစာဘဲ ပြန်လာစားမယ်လို့ ကျွန်မကိုပြောတော့၊ အဲဒီနေ့မှာ အဘိုးကို ပြောပြဖို့ အချိန်သင့်ပြီး စတိုင်ကတော့ သူရဲကောင်းကို ရှာတဲ့ ကိုလောပြာရဲ့ စတိုင်ကို သုံးဘို့ စီစဉ်ထားပြီး အိမ်ရှင်တွေ မရှိတုန်း ဆုတောင်းပြီး အဘိုး ပြန်အလာကိုဘဲ စောင့်နေတယ်။ အဘိုးလည်း ပြန်လာရော ကျွန်မ အစီအစဉ်ကို ကျွန်မ စပြီးပြောပြတယ်။ ပြီးတော့ ကျသင့်ငွေကို (Bill) ကျသလောက် ကျွန်မ ပေးမယ်လို့လည်း ပြောလိုက်ပါတယ်။ ဒီတော့မှ အဘိုးက အဲဒီ ညက စပြီး အိမ်ထဲမှ မပြေးတော့ပါဘူး၊ အဘိုး စိတ်အေးသွားပြီး ကျွန်မ သာ ဆရာမ သိသွားရင်ဆိုတဲ့ ကြောက်စိတ်နဲ့ စိတ်ပူနေတုန်းဘဲ။ လန့်နိုးတိုင်း ဆုတောင်း၊ အားတိုင်း ဆုတောင်းနေရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မ ရဲ့ ဆရာမက စိတ်တိုရင် အဖေ အမေလည်း မသိဘူး။ ဂအိမ် ၈အိမ် ကြားအောင် ကိုအော်၊ တံခါးတွေ ဆောင့်ပိတ်ပြီး မေးခွန်းကလည်း ထပ်ခါ တလဲလဲနဲ့ မဆုံးတော့ဘဲ အသံပြဲကြီးကြောင့် ကျွန်မ တော်တော်ကြောက်တယ်။ ငွေရေး ကြေးရေး ကိစ္စနဲ့ ပတ်သက်ရင်လည်း သားအဖ နှစ်ယောက်စလုံးက တကျပ်တပြား ပိုထွက်တာကအစ ခရေစေ့ တွင်းကျ စစ်ပြီးရင်းစစ်။ ရင်တထိတ်ထိတ်နဲ့ (Bill) ကို တရက်ပြီး တရက် စောင့်နေတာ၊ သောကြာနေ့ ညမှဘဲ (Bill) ရောက်လာပါတော့ တယ်။ အဘိုးက Bill ကို ဖွင့်လိုက်တော့ စာရွက် ၃ရွက် ထွက်လာပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဘိုး ဖုန်းဘေလ် ဖွင့်တဲ့အချိန်မှ ဆရာမက ကျောင်းက ပြန်ရောက်လာတယ်။ ကျွန်မ ဒူး စတုန်လာပြီး အဘိုး ဘာပြောမလဲ။ ဆရာမ ဘာပြောမလဲ။ Bill ဘယ်လောက် ကျ မလဲပေါ့။ ဆရာမ သူ့အခန်းထဲလည်း ဝင်သွားရော။ အဘိုးက ကျွန်မကို ပြောတယ်။ နင် နောက်ဆို ဒီဖုန်း မသုံးနဲ့ပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ ဈေး အရမ်းကြီးတယ် လို့ ပြောတယ်။ ကျွန်မလည်း နောက်ကနေ (Bill) ကို ခိုးကြည့်တော့ လစဉ် (၁၃၁၊၁၃၃) ဒေါ်လာ သာ ကျ နေကျ (Bill) က အခု လမှာ ၁၉၈ ဒေါ်လာ ကျ ပါတယ်။ အရင် လတွေထက် ၆၅ ဒေါ်လာ ပိုနေပါတယ်။ ကျွန်မရဲ့ လက်ထဲမှာက ပြား ၅၀၊ ၂ပြားနဲ့ ၁ကျပ်စေ့ ၁စေ့နဲ့ ပါရောပေါင်းမှ ပိုက်ဆံ (၄၂) ဒေါ်လာပဲ ရှိပါတယ်။ ဆရာမလည်း မကြာခင် ထမင်းစားပွဲဆီကို ရောက်လာတော့မယ်။ စိတ်တွေ ပူပြီး ဒူးတွေကလည်း တုန်လိုက်တာ။ အသက်၁၉နှစ်တုန်းက တခါမှ မကြုံဘူးတဲ့ ဦးဦးဖျားဖျား စမ်းပွင့်တော့ ရည်းစားစာ ရတုန်းက တုန်တဲ့ဒူးထက် Vibrant အလွန်များနေတယ်. ခြေဖျား၊ လက်ဖျားတွေကလည်း အေးလိုက်တာ ဂါဆို၊ဂါခေါင်လမှာ တတ်တဲ့ ဌက်ဖျားရောဂါသည်လိုပါဘဲ။ နေဆာလုံဖို့ မိုးရာသီမို့ နေ မရှိသလို မီးလှုံဖို့ ကလည်း ထင်းက ရေစိုတော့ မီးဖိုလို့မရ ဌက်ဖျားရောဂါသည်ဒုက္ခရောက်. ကျွန်မ ကတော့ gas မီးဖိုနားမှာ ဒူးတုန် ခြေလက်အေးနေတယ်။ ခြေအေး လက်အေး ဒူးတုန်တုန်နဲ့ဘဲ ညနေစာကို အဘိုးနဲ့ ဆရာမအတွက် ပြင်ပေးနေတယ်။ အဘိုးက ထမင်းစား စားပွဲ ပေါ်မှာ ထိုင်ပြီး Bill စာရွက်ကို တရွက်ပြီး တစ်ရွက် ကြည့်တော့ ဒုတိယစာရွက်နဲ့ တတိယ စာရွက်က computer နဲ့အကွက် ညီညီ စာစီရိုက်ထားတဲ့ ဇယားထဲမှာ ဖုန်း နံပါတ် မိနစ်နဲ့ ကျသင့် ငွေ နှစ်ဇယား ပါလာပြီး စာလုံးသေးသေးလေးနဲ့ စာမျက်နှာမှာ ဆန့်အောင် သုံးထား တဲ့ Date တွေပါ Star hub ကုမ္ပဏီက ပို့လိုက်ပါတယ်။

အဘိုးက သေချာကြည့်တော့ ကျွန်မ သုံးထားထဲဖုန်း local out call တစ်ခုမှ မပါဘဲ။ သူ Hong Kong နဲ့ Taiwan ကနေ သုံးထားတဲ့ သူ့ရဲ့ လက်ကိုင်ဖုန်း အသုံးစရိတ်တွေပဲ ဖြစ်နေတယ်။ အိမ်ဖုန်းနဲ့ အဘိုး လက်ကိုင်ဖုန်းက Star Hub ဖြစ်တဲ့အတွက် Bill တွဲလာတာ ဖြစ်ပါတယ်။ အဘိုးက သေချာစစ် ပြီးမှ ကျွန်မကို ပြောတယ်။ နင် သုံးတဲ့ ဖုန်းနံပါတ်တွေ ပါမလာသေးဘူးလို့ မတင်မကျ ပြောတယ်။ ငါ သုံးထားတဲ့ နံပါတ်တွေရဲ့ bill ပဲ ပါလာတာလို့ ထပ်ပြောတော့ မြန်မာ စကားပုံလေး တစ်ခုကို ကျွန်မ တန်းပြီး သတိရသွားတယ်။ "အိုး မလုံ၊ အုံပွင့်" တဲ့ တစ်ဆက်ထဲမှာလည်း သုတ္တံကျမ်း ၂၈း၁ ကိုလည်း သတိရသေးတယ်။ အဖေ အမြဲတမ်း ပြောနေကျ ကျမ်းပိုဒ်လေး မို့လို့ပါ။ လိုက်သောသူ မရှိသော်လည်း မတရားသောသူ ပြေးတတ်၏ ဆိုတဲ့ ကျမ်းပိုဒ်လေးဘဲ ဖြစ်ပါတယ်။ ကျွန်မ ဘာမှ မပြောဘဲနေရင် သူတို့ ဘာမှ သိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မက ခိုးကြောင်ခိုးဝှက်နဲ့ ဖုန်း တအား သုံးထားတော့ လိုက်သူ မရှိပေမဲ့လည်း မတရားတဲ့ အမှုအတွက် စိတ်ပူနေရပါတယ်။ ရက်တိုဘဲ ဖြစ်လို့ဘဲ တော်ပါသေးရဲ့။ ရက်ရှည်သာ ဖြစ်ရင် ကျွန်မ လေယာဉ်ပေါ်က ဆင်းဆင်း ချင်း အိမ်မပြန်ရဘဲ ရွာသာ ကြီး စိတ္တဇဆေးရုံကို တိုက်ရိုက်အပို့ခံရမှာ ကျိန်းသေပါ တယ်။ ကြောက်လိုက်တာ ဒီ Bill ထဲမှာ Home Broad Band ဆိုတဲ့ စာတန်းမှာတော့ လစဉ် ၅၄.၁၅ ခန့်သာ ကျတဲ့ငွေက ဒီလမှာ ၇၂.၂၀ ခန့် ကျနေပါတယ်။ ခါတိုင်းလ ထက် ၁၈.၅ ခန့် ပိုနေပါတယ်။

နောက်တလ မေ ၇ ရက်ကျတော့ Star hub က Open net ဆိုပြီး TV နှင့် phone တွေအတွက် ကြိုးတွေ လာတတ်ပြီးတော့ တက္ကနင်ရှင် ကုလားက Open Net very very good လို့ ပြောသွားသေးတယ်။ သူတို့အတွက် ဘာဘဲ good good ကျွန်မ အတွက်တော့ ဖုန်းကို ထိဖို့ မပြောနဲ့ လှည့်တောင် မကြည့်ရဲတော့ဘူး။ ဘာအတွက်ကောင်းလဲဆိုတော့ အဘိုးက အတိအကျ မသိတဲ့ အတွက် အဲ့ဒီ ဖုန်းနဲ့ အချိန်အကုန်မခံရတော့ဘဲ ကျွန်မဟာ တစ်နေ့နေ့ အရင်ထက် စာရင် ဘုရားနှင့်ပိုပြီး နီးလာပါတယ်။ ပူပန်စိတ်တွေလည်း မရှိတော့ပါဘူး။ ဒီအဖြစ်အပျက်နဲ့ ပတ်သတ်ပြီး ခရစ်ယာန်တစ်ယောက်ရဲ့ အသက်တာဟာ ကျေးဇူးတော်ချီးမွမ်းတာ တစ်ခုလောက်နဲ့ မလုံလောက်ဘဲ ဆုတောင်းခြင်းကိုပါ တွဲပြီး မဖြစ်မနေလုပ်ကို လုပ်သင့်တဲ့ ဘုရားပေးတဲ့ သင်ခန်းစာ ဆိုတာ ကျွန်မ သိသွားပါတယ်။ ကျွန်မတို့ လူသားတွေ ကသာ သားသမီးတွေ တစ်ခုခုကို တောင်းလာပြီးဆိုရင် ပိုက်ဆံမရှိလို့ တစ်မျိုး ပိုက်ဆံ ရှိပြန်တော့လည်း တောင်းတိုင်း ပေးရင် ကလေးတွေပျက်စီးမှာ စိုးရိမ်ရတာက တစ်မျိုးနဲ့ ကလေးတွေ တောင်းဆိုတာကို သိပ်ပြီး မနစ်သက်ကြဘူး။ ဒါပေမဲ့ ဘုရားသခင်ကတော့ သူချစ်လို့ ဖန်ဆင်းထားတဲ့ သူ့ရဲ့သားသမီးတွေ တဆာဆာနဲ့ တောင်းခံတာကို လိုချင်ပါတယ်။ ဒါ့ကြောင့် ကျွန်မ အဲ့ဒီနေ့က စပြီး ဆုတောင်းခြင်းနဲ့ ကျေးဇူးတော်ချီးမွမ်းတာကို အားရင် အားသလို ဘုရားသခင်နဲ့ နှစ်ကိုယ်ကြား အမြဲတမ်း ပြောဖြစ်ပါတယ်။ သို့သော် မဖြစ် မနေ တာဝန်ရှိတယ်လို့ သိထားတဲ့အချိန် ကတော့ အိပ်ယာ ဝင်ချိန်နဲ့ နိုးထချိန်ဆို မဖြစ်မနေ ပြောဖြစ်ပါတယ်။ တစ်ခါတစ်လေ တအားပင်ပန်းတဲ့ နေ့ဆို ခေါင်းတွေလည်း မူးဝေပြီး အရမ်း အိပ်ချင်ပေမဲ့ ဒူးထောက်ပြီး ဆုတောင်း နေခဲ့တယ်။ သို့သော် အိပ်ချင်တဲ့အတွက် နံနက် ၅နာရီခွဲ Alarm မြည်မှ လန့်နိုးတော့ ခြေတွေ ကျင်၊ လက်နစ်ဖက် ကလည်း ခေါင်းအုံးနဲ့ နဖူး ကြားကနေ အတင်း ဆွဲထုတ်ပြီး ကျင်နာတွေ ပျောက်အောင် လုပ်ပြီးမှ ဘာကြောင့် ဒီလို ဖြစ်သလဲလို့ စဉ်းစားရင်း ညက တောင်းတဲ့ဆုကို နံနက်မှ ပြန်အဆုံးသတ်ရတဲ့ နေ့မျိုး



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၅၂ ဧပြီလ ၂၀၁၄ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လေးလည်း ရှိခဲ့ပါတယ်။ ရှိပါစေ ခြေလက်ကျင်တဲ့ ဝေဒနာဟာ စိတ္တဇ ဝေဒနာထက် အများကြီး သက်သာပါတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲ။ ကျွန်မရဲ့ အသက်တာဟာ ဆုတောင်းခြင်းနဲ့ ကျေးဇူးတော်ချီးမွမ်းခြင်းကို လုပ်ကို လုပ်ရမယ်လို့ သင်ခန်းစာ ရရှိထားလို့ပါဘဲ။ ဆာလံ ၁၂၁း၃-၅ သင်၏ ခြေကို ချော်စေခြင်းငှာ အခွင့် ပေးတော်မမူ။ စောင့်သော သူသည် အိပ်တော်မမူ။ ငိုက်မြည်း အိပ်ပျော်ခြင်းရှိတော်မမူ။ ထာဝရဘုရား သည် သင့်ကို စောင့်တော်မူ၏။ ဘုရားသခင် ကျွန်မနှင့်အတူ ရှိတော်မူ သကဲ့သို့ ချစ်သူတို့ အားလုံးနဲ့လည်း ဘုရားသခင် အတူထာဝရ ရှိပါစေ။ ॥ ***နော်အဲ***

***(ကိုင်းပြင်ကြီး ကရင်နှစ်ခြင်း အသင်းတော်၊ ဆရာစံ သာသနာနယ်)***

---





## ဘဏ္ဍာနှင့်ပါဝါ - ၅ *( ရဲမိုးခင်)*

ကျနော် စင်ကာပူ ရောက်တာ ၂နှစ် ပြည့်တော့မှာပါ။ အလုပ်ပါမစ်နဲ့ အ လုပ်ကြမ်း လုပ်နေတဲ့ ရာထူးငယ်၊ လစာနဲ ဝန်ထမ်းတစ်ယောက်ပါ။ လစာ နဲတော့ ကိုယ့်ထက် လစာ များတဲ့ သူတွေကို အားကျမိပါတယ်။ တစ်နေ့မှာ ကျနော်တို့နေတဲ့ အလုပ်သမား အဆောင်ကို အလည်လာတဲ့ အင်ဂျင်နီယာ အစ်ကိုကြီးတစ်ယောက် (မြန်မာပြည်က ဘွဲ့ ရပြီး စင်ကာပူမှာ အက်စ်ပတ်စ် နဲ့ အလုပ်လုပ်နေတဲ့ အင်ဂျင် နီယာ) နဲ့ ကျနော်တို့ ခင်သွားပါတယ်။ စနေ တနင်္ဂနွေ ပိတ်ရက်တွေမှာ သူ့ညီ ဝမ်းကွဲဆီကို လာတွေ့ရင်း အဲဒီ အင်ဂျင်နီယာ အစ်ကိုကြီးနဲ့ ကျနော်တို့ ထွေရာ လေးပါး ပြောမိ ကြပါတယ်။ သူပြောပြတဲ့ စင်ကာပူက အင်ဂျင်နီယာ အလုပ်၊ လစာ၊ ခံစားခွင့် တွေကို နားထောင်ရင်း သွားရည်ကျမိပါတယ်။ သူ့ညီဝမ်းကွဲက ကျနော်တို့ နဲ့ သက်တူရွယ်တူ အလုပ်အတူတူဘဲလေ။ ကျနော် လဲ အလုပ် ၂နှစ်ပြည့်ရင် အင်ဂျင် နီယာ အစ်ကိုကြီးလို လစာများတဲ့ အလုပ်နဲ့ ရာထူး ကို လိုချင်စိတ်ဖြစ်လာမိပါတယ်။ အဲဒီ အစ်ကိုကြီးက စင်ကာပူရောက် မြန်မာ လူမျိုးတွေ အကြောင်း တော်တော် နံ့နံ့ စပ်စပ် သိထားတဲ့ သူတစ်ယောက်ပါ။ စင်ကာပူကို ၁၉၉၀ နှစ်လောက်ကတည်းက ရောက်ခဲ့ပြီး သွားချည်လာချည် အလုပ်ပြောင်းတလှည့် အလုပ် ပြန်လာတစ်လှည့် (တိုင်ပတ်လိုက် ပြန်ဝင်လိုက် ရွာလည်လိုက် စတေး ရှောင်လိုက်) နဲ့ ခုထိ နိုင်ငံခြားပြန် သက်ဆိုး ရှည်နေသေးတဲ့ ဗဟုသုတ ဟင်းအိုးကြီးပါ။ သူပြောပြမှ သူတို့ ရောက်တဲ့ ၁၉၉၀ ဝန်းကျင်က မြန်မာပြည်သား အိုဗာစတေးတွေ အကြောင်း လက်မှတ် အတု အလိမ်တွေ အကြောင်း ပတ်စ်ပို့ ကပ်ခွာတွေ အကြောင်း ကျနော်တို့ နောက် ပေါက် လူငယ် တွေ ပါးစပ်အဟောင်းသားနဲ့ နားထောင်နေရပါတယ်။ သူ့ ငယ် သူငယ်ချင်း တစ်ချို့ဆို အရင်ခေတ်တွေတုံးက အင်ဂျင်နီယာ လက်မှတ်အတု၊ နာမည်အတု၊ ဘွဲ့အတုနဲ့ မွေးသက္ကရာဇ်တွေ လိမ်ပြီး အလုပ်လုပ်နေတာ အခုတော့ မိသားစုလိုက် စင်ကာပူ နိုင်ငံသား ခံယူပြီး မိန့်မိန့်ကြီး ကောင်းစားနေကြပြီးဖြစ်တဲ့ကြောင်း ပြောပြပါသေးတယ်။ သူ့ စကားတွေ နားယောင်မိ တဲ့ ကျနော်ဟာ ငွေဘဏ္ဍာကို တပ်မက်စိတ်နဲ့ သူ သင်ပေးးတဲ့ နည်း အတိုင်း ဆယ် တန်းတောင် မအောင်ခဲ့တဲ့ ကျနော်ဟာ နေ့ချင်းညချင်းဘဲ မြန်မာ ပြည်က ဘွဲ့ တစ်ခု ရတဲ့ ပညာတတ် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ (သူ့ အကူ အညီ နဲ့ ဘွဲ့လက်မှတ် အတု လုပ်လိုက်လို့ပါ။) အလုပ်ပါမစ် ၂နှစ်ပြည့်တာနဲ့ အလုပ် အသစ် မှာ လစာအသစ် ရာထူးကြီး နဲ့ လုပ်ရတော့မယ်ဆိုပြီး ကျနော် အရမ်း ပျော်နေခဲ့ပါတယ်။ မကြာခင်မှာ ကျနော်တို့ရဲ့ အင်ဂျင်နီယာ အစ်ကိုကြီး ပျောက်ချင်း မလှ ပျောက်သွားပါတယ်။ သူ့ ညီဝမ်းကွဲဆီက ကြားရတာကတော့ သူ့ အက်စ်ပတ် အလုပ်ပါမစ် သက်တမ်း တိုးလို့ မရတော့ဘူးတဲ့။ နောက်ဆုံး ကြားရတဲ့ သတင်း ကတော့ မြန်မာလူမျိုး တချို့ ဘွဲ့လက်မှတ် အတုနဲ့ စင်ကာပူမှာ အရာရှိတွေ အဖြစ် လုပ်ကိုင်နေတာကို စင်ကာပူ အစိုးရက ဖမ်းမိသွားတယ်ဆိုတဲ့ သတင်းပါဘဲ။ ၂၀၁၃ ခုနှစ်က ၂၃ယောက်၊ ၂၀၁၄ ခုနှစ်မှာတော့ ၁၆ယောက်တဲ့။ ကျနော် အရမ်းတုန်လှုပ် သွားမိခဲ့ပါတယ်။ မကြာခင်က လုပ်ထားတဲ့ ကျနော့်ရဲ့ ဘွဲ့လက်မှတ် အတုလေးကို ကိုင်ရင်း ကျနော် ဆုံးဖြတ်ချက် တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်ပါတယ်။ ကျနော့် ဘွဲ့ လက်မှတ် အတုလေးကို တစ်စစီ ဆုတ်ဖြဲပြီး အိမ်သာခွက်ထဲ ပစ်ချလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝ မရှိဘဲ ဝိ လုပ်ချင်တဲ့ ကျနော့်ရဲ့ မကောင်းသော စိုက်ပျိုးခြင်းကို မကောင်း တဲ့ အရာနဲ့ ပြန်ရိတ်ရမှာ ကြောက်မိလို့ပါဘဲ။ ကျမ်းစာက ဒီလို ရေးထားတယ်လေ။ ငွေကို တပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်း တို့တွင် မူလအမြစ် ဖြစ်သတည်းတဲ့။ ၁တိ ၆း၁၀။ ॥ (ရဲမိုးခင်)



## နေအာရုဏ်[သို့]တက်နေဝန်း

**ခရစ်တော်၏ရုပ်ပုံလွှာ-၁၅ ။ နေအာရုဏ် (သို့) တက်နေဝန်း**

**ဘာသာပြန် - မင်းအောင်သက်လွင်**

***(ကောင်းကင်မှ နေအာရုဏ်သည် ငါတို့အပေါ်သို့ တက်သဖြင့် ---- ॥ လု ၁း၇၈)***

နေ့ တစ်နေ့၏ ကျွန်ုပ် အနှစ်သက် ဆုံးသော အချိန် သည်။ နေအာရုဏ် တက်ချိန်ပင် ဖြစ်ပါသည်။ အာရုဏ် တက်ချိန်သည် မကြာခင် ထွန်းလင်း တောက်ပ လင်းလက်လာတော့မည့် အလင်း ရောင်၏ လမ်းစပင် ဖြစ်ပါသည်။ ထို အချိန်သည် ညအခါ အမှောင်ထု၏ နောက်ဆုံး သက်တမ်း ကုန်ချိန်၊ သေဆုံး ကျဆုံး ချိန်လဲ ဖြစ်ပါသည်။ ထိုအချိန်တွင် အရှေ့ မိုးကုပ်စက်ဝိုင်းတွင် နှင်းဆီနီ အသွေး အရောင်ဖြင့် နီရဲ နေသော တက်နေဝန်း၏ အားမာန်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ထိုအချိန်အခါ သမယသည် ထုထည် ကြီးမားသော မီးဘောလုံးကြီး ဖြစ်သည့် နေမင်းကြီး၏ ပြော မပြ နိုင်လောက်အောင် ခမ်းနားထည်ဝါသော အရှိန်အဝါ၏ ကနဦး အစအဦးပင် ဖြစ်ပါ သည်။ ထိုအချိန်အခါ သမယ တွင် နေမင်းကြီးမှာ အေးစက် မှောင်မိုက်နေသော လောက ကမ္ဘာ အမှောင်ထု ကြီးအား မိမိ၏ အနွေးဓါတ်။ အလင်းရောင်ကို စတင် သွန်းလောင်း ထည့်လိုက်သော အချိန်လဲ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကိုးကွယ်ခိုလှုံသော ယေရှု ခရစ်တော် ဘုရား၏ လုပ ခမ်းနားသော အမည်နာမ ရုပ်ပုံလွှာ တစ်ခုမှာ " တက်နေဝန်း " ဖြစ်ပါ သည်။ စာပေ စကားနှင့် ရေးပြရပါမူ။ " နေ အာရုဏ် " ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းစာ၏ နောက်ဆုံးကျမ်း နှစ်ကျမ်း ဖြစ်သော ပရောဖက် ဇာခရိ ရေးသား စီရင်သော ဓမ္မသီချင်းနှင့် ပရောဖက်ပြုချက်သည် ပရောဖက် မာလခိ ရေးသားသော အကြောင်းအရာအား ထောက်ခံ ပဲ့တင် ထပ်စေပါသည်။ မာလခိ ၄း၂ - "ငါ၏ နာမတော်ကို ကြောက်ရွံ့သော သင်တို့၌ကား တရားတော် နေမင်းသည် အနာပျောက်စေသော အတောင်တို့နှင့် ပေါ်ထွန်းတော် မူမည်။ " ထိုပရောဖက် ပြုချက်သည် ဓမ္မသစ်ကျမ်းစာတွင် ပေါ်ထွန်း၊ မွေးဖွား၊ လူ့ဇာတိ ခံယူတော်မူမည့် ယေရှု ခရစ်တော် ဘုရားအား ရည်ညွှန်း ရေးသားထားခြင်း ဖြစ်ပါသည်။ (ကောင်းကင်မှ နေအာရုဏ် သည် ငါတို့အပေါ်သို့ တက်သဖြင့် --- လု ၁း၇၈) ယေရှုခရစ်တော်ဘုရား ကောင်းကင်မှ ဆင်းသက် ကြွလာချိန်တွင် လောက ကမ္ဘာကြီးတွင် မှောင်မိုက်အတိ ဖုံးလွှမ်းနေချိန် ဖြစ်ပါ သည်။ သို့အတွက် ကြောင့် သူသည် လောကတွင် တက်နေဝန်းကဲ့သို့ နေအာရုဏ် ကဲ့သို့ အလင်းပေးရန် ဆင်းသက် ခဲ့ပါသည်။ ကောင်းကင်မှ နေအာရုဏ်သည် ငါတို့အပေါ်သို့ တက်သဖြင့် မှောင် မိုက်နှင့် သေမင်း၏အရိပ်ထဲတွင် ရှိနေသော သူတို့၌ အလင်းပေါ်ထွန်း၍ ငါတို့အား ငြိမ်သက် ခြင်းလမ်းကို ပြလျှက်ရှိသည်ဟု ပရောဖက်ဉာဏ်နှင့် ဟောလေ၏။ လုကာ ၁း၇၈-၇၉။ယောလ ၂း၂ မိုက်မဲသောနေ့၊ မိုးအုံ့၍မှောင်မိုက်ထူထပ်သောနေ့ ဖြစ် ၏။ နေအာရုန်သည် တောင်ထိပ်တို့ကို နံ့ပြားသကဲ့သို့ အများဖြစ်၍ အားကြီးသော အမျိုးသည် လာ၏။

ချားလ်စ် ဝက်စလေ ၏ သီချင်းစာသားထဲတွင်-

ခရစ်တော်ရှင် ကောင်းကင်ကို ဘုန်းနှင့်ပြည့်စေသော အရှင်

ခရစ်တော်ရှင် စစ်မှန်သူ တစ်ပါးတည်းသော အလင်းရှင်

ဖြောင့်မတ်ခြင်း တရားတော်နေမင်း ထွန်းလင်းပါ။

ညနက်အမှောင်ကို အောင်ပွဲခံယူတော်မူပါ။

တက်နေဝန်းက ကောင်းကင်မှ၊ လူသား အနီးဆုံးသို့ ဆင်းသက်ကြွ။

နေ့ခင်း ကြယ်စင် ကျွန်ုပ်နှလုံးသားတွင်၊ ပေါ်ထွန်း ဆင်းသက်လှည့်ပါရှင်။

သီချင်းရှင်နှင့်အတူ ကျွန်ုပ်လဲ စပ်ဆိုမည်။ ကျွန်ုပ်ဝိညာဉ်ကို ဖြောင့်မတ် ခြင်း တရားတော်နှင့် ပြည့်စေပါ။ တစ်နေ့တာလုံး လမ်းပြမူပါ။ ॥

(ဝန်ခံချက်။ - ဟန်နရီ ဂရာဗီ ရေးသားသော Dayspring အား ဆီလျော်အောင် မြန်မာ ဘာသာ ပြန်ဆို ပါသည်။)


---

## ပေါ်ပြူလာ

(ပေါ်ပြူလာ) *ကာတွန်း - မင်းအောင်သက်လွင်*

(အခြေပြုကျမ်း။ ၁တိမောသေ ၁း၃-၇ ॥ ခြားနားသော အယူဝါဒသစ်ကို မသွန်သင်ကြနှင့်--။ ဒဏ္ဍာရီ စကားကို နားမထောင်ကြနှင့်။ အချင်းချင်းငြင်းခုံခြင်းကို သာ၍ ပြုစုတတ်သော - - စာရင်း များကို ပမာဏ မပြုကြနှင့် -- ॥ လူအချို့တို့သည် ---အချည်းနှီးသော စကား ပြောခြင်းသို့ လွဲသွားကြပြီ။ ထိုသူတို့သည် မိမိတို့ ပြောသောအရာကို နားမလည်။ အဘယ်သို့သော တရားဘက်၌ မိမိတို့ ခိုင်မာစွာနေသည်ကို မသိဘဲလျှက် နိဿရည်း ဆရာလုပ်ချင် ကြသည်တကား။

ဂလာတိ ၁း၁၀ - လူ၏ အလိုသို့လိုက်သလော။ ဘုရားသခင်၏ အလိုတော်သို့ လိုက်သလော --- လူတို့စိတ်ကို နူးညွတ်စေခြင်းငှာ ရှာကြံသေးလျှင် ခရစ်တော်၏ အစေခံကျွန် မဟုတ်ပြီ။ )








မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေဖန်ချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ॥